FOREIGN AFFAIRS COMMITTEE

# ALL BURMA FEDERATION OF STUDENT UNIONS

## ဇူလိုင် ၇ ရက် ဝမ်းနည်းကြေကွဲဖွယ်နေ့ အထိမ်းအမှတ်
## ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် – နိုင်ငံခြားရေးရာကော်မတီ ထုတ်ပြန်ချက်

ဗမာပြည်မှာ စစ်အာဏာရှင်စနစ်၊ စစ်အစိုးရအုပ်စိုးမှု တည်ရှိခဲ့သည်မှာ (၄၈)နှစ် ပြည့်ခဲ့ပါပြီ။

ဇူလိုင်(၇)ရက်အရေးတော်ပုံသည် တက္ကသိုလ်နယ်မြေထဲ ငြိမ်းချမ်းစွာလှုပ်ရှားသည့် ကျောင်းသားအခွင့်အရေး တောင်းဆိုမှု၊ တနည်းအားဖြင့် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး ကျောင်းသားလှုပ်ရှားမှုအပေါ် စစ်အာဏာရှင်တို့က ပွဲဦးထွက် သွေးမြေကျစေခဲ့ စွန်းထင်းစေခဲ့သောဖြစ်ရပ် ဖြစ်ပါသည်။ သမိုင်းဝင် သမဂ္ဂအဆောက်အဦ အုတ်ပုံအတိ ဖြစ်ခဲ့ရတာလည်း ဒီနေ့အထိတိုင် ဖြစ်ပါသည်။

စစ်အာဏာရှင်စနစ်နဲ့ စစ်အစိုးရအုပ်စိုးမှုက ဗမာပြည်ရဲ့ တိုင်းရင်းသားပေါင်းစုံ ပြည်သူတွေရဲ့ စီးပွားရေးဘဝ၊ လူမှုရေးဘဝ၊ ပညာရေးဘဝ အပါအဝင် ဘက်စုံဘဝတွေကို ပျက်သုဉ်းစေခဲ့တာ အားလုံးအသိဖြစ်ပါသည်။

ယနေ့အချိန်မှာလည်း လက်ရှိ နအဖစစ်အုပ်စုမှ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေးအတွက် ၂၀၀၈ဖွဲ့စည်းပုံကို အသက်ဝင်ဖို့ ၂၀၁၀ ရွေးကောက်ပွဲနှင့် အသက်သွင်းဖို့ ကြိုးစားနေတာလည်း ဖြစ်ပါသည်။

ယနေ့ ဗမာပြည် တိုင်းရင်းသားပြည်သူအားလုံး၏ တောင်းဆိုလိုအပ်ချက်မှာ ဒီမိုကရေစီရေး၊ငြိမ်းချမ်းရေး၊ အမျိုးသားတန်းတူရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်သည်။ စစ်အုပ်စု လူတစ်စု ကောင်းစားရေးဖြစ်သည့် ၂၀၀၈ ဖွဲ့စည်းပုံ အသက်ဝင်ရေး မဟုတ်ပါ။ တိုင်းရင်းသား ပြည်သူ အားလုံး၏ လိုအပ်ချက်များအတွက် စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးတာဝန်ကို ဒီမိုကရေစီရေး အင်အားစုများနှင့် ပြည်သူအားလုံး(တပ်မတော်သားများ အပါအဝင်) စုစည်းကြိုးပမ်းရမည့် အချိန်ကျရောက်နေပြီ ဖြစ်သည်ကို တိုက်တွန်းပန်ကြားအပ်ပါသည်။

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် – နိုင်ငံခြားရေးရာကော်မတီ
ရက်စွဲ – ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ (၇) ရက်။

P.O.Box 102, Mae Ping P.O,Chiang Mai 50301,Thialand
Email: bakatha@loxinfo.co.th; Ph: 66 53 252 843, www.abfsu.net